**၂၀၁၉ ခုနှစ် ဇွန်လ ၂၅ ရက် (အင်္ဂါနေ့)**

## ခွဲခြားဆက်ဆံမှုရှိနေသောမြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်၍ရနိုင်ပြီး ချက်ချင်းပြင်ဆင်သင့်

လူနည်းစုမျိုးနွယ်အဖွဲ့အများအပြားအား ခွဲခြားဆက်ဆံမှုရှိနေသော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် တရားဥပဒေစိုးမိုးရေးအခြေခံမှုများနှင့် ဆန့်ကျင့်နေလျက်ရှိသလို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ နိုင်ငံတော်အစိုးရ၏ တာဝန်များနှင့်လည်း သွေဖယ်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်အဖွဲ့(International Commission of Jurists – ICJ) မှ ယင်းတို့၏ " မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်မှု နှင့် လူ့အခွင့်အရေး - ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေးသည် ချက်ခြင်းလုပ်ဆောင်ရန် နှင့် လုပ်ဆောင်ရန်ဖြစ်နိုင်ခြေရှိခြင်း " အစီရင်ခံစာ (အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာဖြင့် ထုတ်ဝေထား ပါသည်) တွင် ယနေ့ထုတ်ပြန်လိုက်ပါသည်။

ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေမူဘောင်ကို လေ့လာသုံးသပ်ထားပြီး နိုင်ငံသား ဖြစ်မှုနှင့်သက်ဆိုင်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို အကဲဖြတ်သုံးသပ်ထားပါသည်။ ယင်းဥပဒေတွင် နိုင်ငံသားဖြစ်မှု ကို သတ်မှတ်ထားသော "တိုင်းရင်းသားမျိုးနွယ်စု" စာရင်းတွင် ပါဝင်မှုရှိမရှိ နှင့်ချိတ်ဆက်ထားပြီး နိုင်ငံသားအနက်ကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ထားပါသည်။ ယင်းဥပဒေအရ ပေါ်ပေါက်လာသောစနစ်သည် မျိုးနွယ်စုအများအပြားအပေါ် အထူးသဖြင့် တောင်အာရှနွယ်ဖွားများနှင့် တရုတ်နွယ်ဖွားများ၊ ရိုဟင်ဂျာ ကဲ့သို့သော မျိုးနွယ်စုတစ်ခုလုံး၊ နှင့် တစ်ခုလပ်မိခင်များ၏ကလေးများ အပေါ် ခွဲခြားဆက်ဆံမှုကို အားပေးလာစေသလို ယင်းခွဲခြားဆက်ဆံမှုကို တရားဝင်သဘော ဖြစ်လာစေပါသည်။

"ရွေးကောက်တင်မြှောက်ထားခြင်းမရှိတဲ့ စစ်အစိုးရအဆက်ဆက်က ပြဋ္ဌာန်းအတည်ပြုခဲ့ကြတဲ့ မြန်မာနိုင်ငံသားဥပဒေများဟာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ခွဲခြားဆက်ဆံမှုကို မီးလောင်ရာ လေပင့်သလို ဖြစ်နေပါတယ်" ဟု ICJ ၏ ဥပဒေအကြံပေး ရှောင်ဘိန်းမှ ပြောကြားသည်။ "ဒီခွဲခြားဆက်ဆံမှုရှိသည့်စနစ်ကို ဖျက်သိမ်းဖို့ရန် နှင့် ဥပဒေအရ လူသားအားလုံးရဲ့လူ့အခွင့်အရေးကိုကာကွယ်ဖို့ရန် အစိုးရအနေဖြင့် အမြန်ဆုံး ဆောင်ရွက်သင့်ပါတယ်" ဟုလည်း ဆက်လက် ပြောကြားပါသည်။

ဖော်ပြပါဥပဒေ၏ ရည်ရွယ်ချက်ရှိရှိခွဲခြားဆက်ဆံမှုနှင့် ယင်းဥပဒေကိုကျင့်သုံးဆောင်ရွက်ရာတွင်လည်း တူညီစွာ ခွဲခြားဆက်ဆံမှုများသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်သူ အများအပြားတွင် ဥပဒေအရ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားများမရှိနေရသည့် (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရေတွက်ထားသော လူဦးရေစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းအထက်ရှိသည်) အကြောင်းအရင်းကို ရှင်းလင်းနိုင်ပေလိမ့်မည်။

ချက်ချင်းပြီးမြောက်အောင် အကောင်ထည်ဖော်နိုင်ပြီး တိကျသောဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ပြုလုပ်နိုင်သည့် အချက်သုံးချက်ကို ICJ မှ အစိုးရအား အကြံပြုတင်ပြထားပါသည်။ ယင်းတို့တွင် (၁) အရေးတကြီးပြုပြင်ရမည့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် လက်ရှိလွှတ်တော်တွင် ဆွေးနွေးလျက်ရှိသည့် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးဥပဒေ စသည်တို့အပါအဝင် ပြဋ္ဌာန်းဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ (၂) နိုင်ငံသားအားလုံး၏ နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ကာကွယ်ပေးဖို့ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ (၃) လူမျိုး (သို့)မျိုးနွယ်စုအပေါ်မူတည်ပြီး ခွဲခြားဆက်ဆံမှုတို့ကို ဖြေရှင်းဆောင်ရွက်ဖို့ရန် ကြားကာလအစီအမံများ ဆောင်ရွက်ရေး စသည့်အချက်များ ပါဝင်ပါသည်။

ကွယ်လွန်သွားပြီးဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးစီးခဲ့သည့် အစိုးရအကြံပေးကော်မရှင်သည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်ရန် အစိုးရအား ၂၀၁၇ ခုနှစ်တွင်

အကြံပေးခဲ့သော်လည်း ယနေ့အထိ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး အစိုးရအနေဖြင့် တိုးတက်မှုတစ်စုံတစ်ရာ မပြသနိုင်သေးပေ။

"တရားဥပဒေစိုးမိုးရေးကို အားနည်းစေပြီး အားလုံးပူးပေါင်းပါဝင်မှုရှိတဲ့ ဒီမိုကရေစီစနစ် စနစ်တစ်ရပ်ဖြစ်ထွန်းလာရေးကို တားဆီးလျက်ရှိနေတဲ့ ဒီခွဲခြားဆက်ဆံရေးစနစ်ကြီးကို ဖျက်သိမ်းဖို့ရန် အစိုးရလက်ထဲမှာ နည်းလမ်းများ ရှိပါတယ်။ အစိုးရအနေဖြင့် ယင်း၏ အကြံပေးကော်မရှင်မှ အကြံပြုချက်ကို ဆောင်ရွက်နိုင်စွမ်းရှိသလို အကောင်ထည်လည်း ဖော်ရပါမယ်။ နေရာတကာတွင်ဖြစ်နေတဲ့ ခွဲခြားဆက်ဆံမှုကြီးကို အစိုးအနေဖြင့် ဘာမှမဆောင်ရွက်ဘဲ သည်အတိုင်းကြည့်နေ၍ မရတော့ပါ။ ပြီးတော့ ပြုပြင်ပြောင်းလဲရေးစတင်ဆောင်ရွက်ဖို့ကို ရှေ့ဆက် ဆိုင်းငံ့ထားဖို ့ရန်အတွက် ဥပဒေအရယုတ္တိရှိတဲ့ အကြောင်းအရင်းတစ်ခုမျှမရှိပါဘူး။" ဟု မစ္စတာဘိန်းမှ ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများသည်လည်း ယင်းတို့၏ မြန်မာနိုင်ငံအစိုးရအပေါ် အကူအညီပေးမှုများသည် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးပေါ်ပေါက်လာရေးကို အထောက်အပံ့ဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး လက်ရှိခွဲခြားဆက်ဆံသည့်စနစ်ကြီးကို အမြစ်တွယ်သွားအောင် မည်သည့်နည်းနှင့်မျှ မဆောင်ရွက်မိဖို့ ရန် ဂရုပြုရပေမည်။

ဤအစီရင်ခံစာထုတ်ပြန်သည့်နှင့်တိုက်ပြီး ယမန်နေ့က ရန်ကုန်မြို့တွင် ICJ မှ ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံသားဖြစ်မှု ဥပဒေမူဘောင်များ၏ လူ့အခွင့်အရေးအပေါ်သက်ရောက်မှုနှင့် ဥပဒေရေးရာပြောင်းလဲမှုသည် အဘယ်ကြောင့် အရေးတကြီးဆောင်ရွက်ဖို ့လိုအပ်ပုံနှင့်ဆောင်ရွက်နိုင်ပုံတို့ကို မြန်မာဥပဒေပညာရှင်များနှင့် သုတေသီများမှ ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲအခမ်းအနားကို သံတမန်အဖွဲ့ ့များ၊ ကုလသမဂ္ဂအဖွဲ့ ့အစည်းများ၊ မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံတကာအလှူရှင် အဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်

**နောက်ခံအကြောင်းအရာ**

"နိုင်ငံသားဖြစ်မှု" သည် လူတစ်ဦးတစ်ယောက်နှင့် နိုင်ငံတော်အစိုးရတို့အကြား ပတ်သက်မှုကို ဖော်ပြပေးသည့် ဥပဒေဆိုင်ရာ သဘောတရားတစ်ရပ် ဖြစ်ပေသည်။ ယင်းနှင့်ဆန့်ကျင့်ဘက်ဖြစ်သည့် "နိုင်ငံမဲ့မှု" ဆိုသည်မှာကား မည်သည့်နိုင်ငံတော်အစိုးရ၏ နိုင်ငံသားမဖြစ်နေသည့် အခြေအနေမျိုး ဖြစ်ပါသည်။ "နိုင်ငံတစ်ခု၏လူမျိုး (nationality)"၊ "လူမျိုး (race)" သို ့မဟုတ် "မျိုးနွယ်စု (ethnicity)" စသည့် အသုံးအနှုန်းများမှာ အခြေအနေအပေါ် မူတည်ပြီး အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆို နားလည်ထားကြသည့် ယဉ်ကျေးမှုဆိုင်ရာ သဘောတရားများ ဖြစ်ပေသည်။ ယင်းအသုံးအနှုန်းများကို တခါတရံ ပေါင်းစည်း၍သော်လည်းကောင်း တလှည့်စီသော်လည်းကောင်း သုံးနှုန်းကြပါသည်။ ပုံစံတစ်မျိုးတည်းဖြင့် သုံးနှုန်းပြောဆိုကြသည့်တော့ မဟုတ်ပေ။ နိုင်ငံအများစုတွင် အထူးသဖြင့် ကွဲပြားခြားနားသည့် လူမျိုးပေါင်းစုံရှိသည့် နိုင်ငံမျိုးတွင် နိုင်ငံသားအခွင့်အရေးကို လူမျိုးစုအမျိုးမျိုးအပြင် နိုင်ငံ၏လူမျိုးများ (nationalities) ပါ ပါဝင်စေရန် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပါသည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် "နိုင်ငံ၏လူမျိုး" (national) သို့မဟုတ် "တိုင်းရင်းသား" စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ထားခဲ့ပြီး မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာသူများ၏ ဆွေစဉ်မျိုးဆက်များအပါအဝင် မတူညီသည့် နောက်ခံရှိသည့် လူများအား နိုင်ငံသား ဖြစ်နိုင်စေခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် လက်ရှိ ကျဉ်းမြောင်းသည့် နိုင်ငံသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စတင်မိတ်ဆက်ခဲ့ပြီး နိုင်ငံသားဖြစ်ခွင့်ကို သတ်မှတ်ထားသည့် "တိုင်းရင်းသား" စာရင်းနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်လာခဲ့ပါသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် "တိုင်းရင်းသားများ" ဆိုသည့် သဘောတရားကို ထည့်သွင်း ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံသားအဆင့်အတန်းအမျိုးမျိုးကို စတင်မိတ်ဆက်ခဲ့ကာ ပထမတန်းစားနှင့် ဒုတိယတန်းစား နိုင်ငံသားများ ပေါ်ပေါက်လာစေပါသည်။ ယင်းစနစ်အောက်တွင် မျိုးနွယ်စုတစ်ခုလုံး နှင့် သွေးနှောကလေးသူငယ်များ အပါအဝင် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်လျက်ရှိသောသူများသည် နိုင်ငံမဲ့ဖြစ်လာစေခဲ့ပါသည်။ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုပေါ်ပေါက်ခဲ့သော်လည်း ယင်းအတွက် ပြစ်ဒဏ်လုံးဝကင်းလွတ်ခွင့်ရခဲ့သည့် အခြေအနေတစ်ရပ်ဖြစ်လာအောင် ဖော်ပြပါ ခွဲခြားဆက်ဆံမှုရှိသည့်စနစ်သည် အားပေးအားမြှောက် ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ တွင် "မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်" နှင့် ဥပဒေရှေ့မှောက်တွင် အကာကွယ်ပေးမည်ဟု အာမခံချက်များ ပေးထားသော်လည်း အခြား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့် နှင့် ပညာရေးသင်ကြားခွင့် အပါအဝင် "အခြေခံ ရပိုင်ခွင့်များ" ကို နိုင်ငံသားများအတွက်သာ ကန့်သတ်ထားမှုများ ရှိပါသည်။ နိုင်ငံသားများဖြစ်နေစေကာမူ မိဘသော်လည်းကောင်း၊ ကလေးသော်လည်းကောင်း၊ ကြင်ဖော်တစ်ဦးဦးသော်လည်းကောင်း နိုင်ငံသားမဟုတ်လျှင် ယင်းနိုင်ငံသား၏ နိုင်ငံရေးအခွင့်အရေးများကို ကန့်သတ်ထားပါသည်။ အထင်ရှားဆုံးဥပမာမှာ မိမိ၏သားများ နိုင်ငံခြားသားဖြစ်နေ၍ အခြေခံဥပဒေအရ သမ္မတဖြစ်ခွင့်ကို ပိတ်ပင်မှုခံထားရသော ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် အခြေခံဥပဒေပြင်ဆင်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့မှုသည်မှာလည်း "မည်သူ့ကိုမဆို" တန်းတူညီမျှမှုနှင့် ဥပဒေအရ အကာအကွယ်ပေးမည်ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ပေးသည့် (ပုဒ်မ ၃၄၇) နှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ နိုင်ငံတော်၏တာဝန်ဝတ္တရားများနှင့်ကိုက်ညီမှုရှိအောင်၊ "အခြေခံ ရပိုင်ခွင့်များ" ကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားမှုအား ပြောင်းလဲဖွင့်ဆိုဖို့ရန်အတွက် အခွင့်အလမ်းကောင်း တစ်ရပ် ဖြစ်ပါသည်။

ထို့အပြင် မြန်မာဥပဒေများကို နိုင်ငံတကာသဘောတူစာချုပ်ပါ တာဝန်များ - ဥပမာ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများ သဘောတူစာချုပ်အရ ကလေးသူငယ်တို့၏ နိုင်ငံ၏လူမျိုး (နိုင်ငံသား) ရရှိခွင့်နှင့် အစိုးရမှ နိုင်ငံမဲ့များမပေါ်ပေါက်လာအောင် ဆောင်ရွက်ရမည့် ၎င်းတို့၏တာဝန်များ အစရှိသည် တို့နှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိလွှတ်တော်တွင် ဆွေးနွေးလျက်ရှိသော ကလေးသူငယ် အခွင့်အရေးများ ဥပဒေမူကြမ်းသည်လည်း အခွင့်လမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။

အောက်ပါ အင်တာနက် စာမျက်နှာတွင်လည်း သွားရောက်လေ့လာနိုင်ပါသည်။ "ICJ convenes workshop on reforming 1982 Citizenship law," 3 September 2018, https://www.icj.org/myanmar-icj-convenes-workshop-on-reforming-1982-citizenship-law/